နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်
အမိန့်အမှတ် (၁၃/၉၂)
၁၃၅၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂ ၇က်)

အမျိုးသားညီလာခံကျင်းပရေးကောင်မရှင် ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၂ ခုနှစ်၊ ဇူလိုင် ၂၄ ရက်စွဲပါ ကြေညာချက်အမှတ် (၁၁/၉၂) ကို ထုတ်ပြန်လျက် အမျိုးသားညီလာခံ ခေါ်ယူကျင်းပရေးနှင့် စပ်လျဉ်း၍ တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးမှု ပြုလုပ်ပြီးပါက ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကို ခြောက်လအတွင်း ခေါ်ယူ ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းကြေညာချက်နှင့်အညီ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ ပြီးစီးခဲ့သည့် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှစ၍ ခြောက်လကာလအတွင်း အမျိုးသားညီလာခံ ခေါ်ယူ ကျင်းပပေးမည် ဖြစ်ပါသည်။

၃။ အမျိုးသားညီလာခံကို စနစ်တကျ အောင်မြင်ချောမောစွာ ကျင်းပနိုင်ခြင်းငှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ဖော်ပြပါ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ကို ဖွဲ့စည်းလိုက်သည် –

အမျိုးသားညီလာခံ ကျင်းပရေးကောင်မရှင်

(က)	ဗိုလ်ချုပ်မျိုးညွှန့် အဖွဲ့ဝင်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့	ဥက္ကဋ္ဌ
(ခ)	ဗိုလ်ချုပ် မောင်သင့် အဖွဲ့ဝင်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့	ဒုတိယ ဥက္ကဋ္ဌ
(ဂ)	ဗိုလ်ချုပ် မျိုးသန့် ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန	ဒုတိယ ဥက္ကဋ္ဌ
(ဃ)	ဦးအောင်တိုး တရားသူကြီးချုပ်	အဖွဲ့ဝင်
(င)	ဦးသာထွန် ရှေ့နေချုပ်	အဖွဲ့ဝင်
(စ)	ဗိုလ်ချုပ် ချုပ်သန်းဦး စစ်ဥပဒေချုပ်	အဖွဲ့ဝင်
(ဆ)	ဗိုလ်ချုပ် ချုပ် တင်အေး တပ်မတော်စစ်ဆေးရေးအရာရှိချုပ်	အဖွဲ့ဝင်
(ဇ)	ဗိုလ်ချုပ် ဒုကြီး သန်းထွန်း တွဲဖက်စစ်ရေးချုပ်	အဖွဲ့ဝင်
(ဈ)	ဗိုလ်ချုပ် ဒုကြီး ရဲထွဋ် စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူး	အဖွဲ့ဝင်
(ည)	ဒုတိယ ဗိုလ်ချုပ် ဒုကြီး ကျော်ဝင်း ဒုတိယ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး	အဖွဲ့ဝင်
(ဋ)	ဒုတိယ ဗိုလ်ချုပ် ဒုကြီး သန်းထွန်း	အဖွဲ့ဝင်

စစ်ဦးစီးမှူး ။ (ပထမတန်း)
တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး နံ၃
(၄) ဦးအေးမောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး ချုပ်
ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး
(၅) ဦးအောင်ခင်တင့် အဖွဲ့ဝင်
ဥပဒေ အကြံပေးပုဂ္ဂိုလ်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
(၆) ဦးသိန်းစိန် အဖွဲ့ဝင်
အထူးအရာရှိ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
(၇) ဦးသောင်းညွန့် အဖွဲ့ဝင်
အကြံပေးပုဂ္ဂိုလ် ပြည်သူ့လွှတ်တော်ရုံး
(တ) ဗိုလ်မှူး ချုပ် အောင်သိန်း အတွင်းရေးမှူး ။
ညွှန်ကြားရေးမှူး
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓါတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူး နံ၃
(ထ) ဦးမျိုးညွန့် တွဲဘက်အတွင်းရေးမှူး ။ (၁)
ညွှန်ကြားရေးမှူး ချုပ် ပြည်သူ့လွှတ်တော်ရုံး
(ဒ) ဦးအောင်ညွန့် တွဲဘက်အတွင်းရေးမှူး ။ (၂)
ဒုတိယညွှန်ကြားရေးမှူး ချုပ် ပြည်သူ့လွှတ်တော်ရုံး

၄။ ကျင်းပရေးကော်မရှင်၏ တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်–

(က) ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးကို ဦးတည်လျက် အမျိုးသားညီလာခံကို ကျင်းပရမည်၊

(ခ) နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများကို အမျိုးသား ညီလာခံ၌ ချမှတ်ရာတွင် အောက်ဖော်ပြပါ ဦးတည်ချက်များ ဘောင်အတွင်းဆွေးနွေးညှိနှိုင်း ဖော်ထုတ်နိုင်ရန် ကြပ်မတ်ရမည် –

(၁) ပြည်ထောင်စု မပြိုကွဲရေး၊
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(၄) စစ်မှတ်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊
(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊
(၆) အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍာင်း တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

(ဂ) အမျိုးသားညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ ဆန္ဒသဘောထား၊ အကြံပြုချက်၊ အဆိုပြုချက်များကို အမျိုးသားညီလာခံ၌ စနစ်တကျ တင်ပြခွင့်ရရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

၅။ ကျင်းပရေးကော်မရှင်၏ လုပ်ငန်းရပ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်–

(က) အမျိုးသားညီလာခံသို့ တက်ရောက်ရန် ကိုယ်စားလှယ် ရွေးချယ်ပုံ ရွေးချယ်နည်း စနစ်များကို အောက်ဖော်ပြပါ ကိုယ်စားလှယ် အမျိုးအစားအလိုက် သတ်မှတ်ပေးခြင်း –

(၁) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ
(၂) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊
(၃) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊
(၄) တောင်သူလယ်သမား ကိုယ်စားလှယ်များ၊
(၅) အလုပ်သမား ကိုယ်စားလှယ်များ၊
(၆) အသိပညာရှင်၊ အတက်ပညာရှင် ကိုယ်စားလှယ်များ၊
(၇) နိုင်ငံဝန်ထမ်း ကိုယ်စားလှယ်များ၊
(၈) အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၊

(ခ) ကိုယ်စားလှယ် ရွေးချယ်ပုံ ရွေးချယ်နည်းစနစ်များ သတ်မှတ်ပြီးပါက သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အကြောင်းကြားလျက် ကိုယ်စားလှယ်အမျိုးအစားအလိုက် သတ်မှတ် ဦးရေနှင့် အညီ ကိုယ်စားလှယ်များ ရွေးချယ်စေခြင်း၊

(ဂ) အဖွဲ့အစည်း အသီးသီးက ကိုယ်စားလှယ် ရွေးချယ်ပုံ ရွေးချယ်နည်းစနစ်နှင့် အညီ ရွေးချယ်သည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် ကိုယ်ရေးမှတ်တမ်းများကို ပေးပို့ရေးအတွက် အချိန်ကာလ သတ်မှတ်ပေးခြင်း၊

(ဃ) ကိုယ်စားလှယ် အမျိုးအစားအလိုက် ကိုယ်စားလှယ်အမည်နှင့် ကိုယ်ရေးမှတ်တမ်းများကို ပြုစုခြင်း၊

(င) ကိုယ်စားလျှယ်အမည်များ ပြည်စုံစွာ ရရှိပြီးပါက အမျိုးသားညီလာခံသို့ အချိန်မီ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားခြင်း၊

(စ) အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသတ်မှတ်ခြင်း၊

(ဆ) အမျိုးသားညီလာခံ ကျင်းပရေးအတွက် လိုအပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်း အစီအစည်များနှင့် ဘဏ္ဍာရေးစည်းမျဉ်းများ ချမှတ်ဆောင်ရွက်ခြင်း။

၆။ ကျင်းပရေးကော်မရှင်သည် –

(က) မိမိ၏ တာဝန်များနှင့် လုပ်ငန်းရပ်များကို ဆောင်ရွက်ရာတွင် ပိုမို ထိရောက်အောင်မြင်စေရန် ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်၊

(ခ) ကော်မတီများ ဖွဲ့စည်းရာတွင် ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များအပြင် အစိုးရဌာန အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သည့် နိုင်ငံသားများကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၇။ ကျင်းပရေးကော်မရှင်သည် မိမိ၏ တာဝန်များနှင့် လုပ်ငန်းရပ်များ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ အခြားလိုအပ်သည့် အကူအညီများနှင့် ပံ့ပိုးမှုများကို အစိုးရဌာန အဖွဲ့အစည်းအသီးသီးထံမှ ရယူနိုင်ခွင့် ရှိသည်။

၈။ အမျိုးသားညီလာခံကျင်းပရေးနှင့် စပ်လျဉ်းသော ကုန်ကျစရိတ်များကို ပြည်သူ့ လွှတ်တော်ရုံးရန်ပုံငွေစာရင်းမှ ကျခံရမည်။

၉။ ကျင်းပရေးကော်မရှင်သည် အမျိုးသားညီလာခံ ကျင်းပပြီးသောအခါ အမျိုးသားညီလာခံ ကျင်းပခြင်းဆိုင်ရာ အစီရင်ခံစာကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။